# ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး * (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၀။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)၊ အပိုဒ် (ဂ) နောက်တွင် အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ်ထည့်သွင်းရမည်။

"(ဃ) မည်သည့်မြို့ပြဒေသတွင်မဆို၊ ကြီးကြပ်ရေးဝန် ချမှတ်သောဆုံးဖြတ်ချက်လွှဲအပ်မှုကို၊ ပုဒ်မ ၄၂ အရ မည်သည့်တရားသူကြီးကလက်ခံနိုင်သည်ဟု သတ်မှတ်ရန်ကိစ္စ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။)
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်းအပိုင်း ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်။ စာမျက်နှာ - ၁၄၁၂။